**Network for Democracy and Development**
**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Post Election (045/2010)

# နအဖရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၄၅/၂၀၁၀)

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့မှ ဒီဇင်ဘာလ (၀၄) ရက်နေ့အထိ

နအဖ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

## (က) အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်ဆောင်ရွက်ချက်များ

- ရွေးကောက်ပွဲရလဒ်အရ ပေါ်ပေါက်လာမည့် လွှတ်တော်ထဲတွင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်ရှိသော်လည်း နိုင်ငံတော် လုံခြုံရေးနှင့် တို့တာဝန်အရေးသုံးပါးအား ထိခိုက်စေမည့် ပြောဆိုမှုများနှင့် ၂၀၀၈ ဖွဲ့စည်းပုံအား ဝေဖန်ပြောဆိုမှုများရှိလာပါက ထောင်ဒဏ် ၂ နှစ်ချမှတ်မည်ဟု စစ်အစိုးရ အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုဝင်ဘာလ ၂၆ ရက်နေ့တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ **(Irrawaddy 29111010)** Read More...

## (ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- မွန်ပြည်နယ်အတွင်း မဲဆန္ဒနယ်မြေများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်များ အရွေးခံရခြင်းနည်းသည့်အတွက် မွန်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်နိုင်သည်ဟု မွန်ပြည်နယ် **USDP** ဥက္ကဌ ဦးအုန်းမြင့်က ပြောသည်။ **(IMNA 30112010)** Read More ...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အတွင်းရေးမှူးဗိုလ်ချုပ် ဌေးဦးက ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP** နှင့် တွေ့ဆုံဆွေးနွေးစဉ် ၎င်းတို့ပါတီ၏ မူဝါဒအတိုင်း တိုင်းရင်းသားများနှင့်ပေါင်းစည်းလုပ်ကိုင် ဆောင်ရွက်သွားရန်ရှိသည်ဟု ပြောဆိုလိုက်သည်။ **(BBC 011210)** Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ထိပ်တန်းခေါင်းဆောင် စက်မှု ၁ ဝန်ကြီး ဦးအောင်သောင်းနှင့် ဆောက်လုပ်ရေးနှင့် လျှပ်စစ် ၂ ဝန်ကြီး ဦးခင်မောင်မြင့် တို့သည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်များ၊ ဒုဥက္ကဌ စိုင်းဆောင်ဆီ၊ ကျောက်မဲမြို့ ဥက္ကဌ စိုင်းခမ်းကျော်တို့နှင့် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် တွေ့ဆုံခဲ့သည်ဟု စိုင်းဆောင်ဆီကပြောသည်။ **(Mizzima 021210)** Read More ...
- ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် သမိုင်း (၂) ရပ်ကွက် မိသားစုလမ်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** မှအာဏာပိုင်များက လမ်းခင်းပေးမည်ဟု အကြောင်းပြပြီး **USDP** အဖွဲ့ဝင်ဖြစ်သူ ရာအိမ်မှူးက တစ်အိမ်ထောင် လျှင် ငွေ



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

၅,၀၀၀ ကျပ် လိုက်လံ ကောက်ခံနေခြင်းကြောင့် မကျေမနပ်ဖြစ်နေကြောင်း မြို့ခံတစ်ဦးက ပြောသည်။ **(Yoma3 021210)** [Read More ...]

- ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားသည့် ချင်းပြည်နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်များက ရှုံးနိမ့်ရခြင်းအကြောင်းရင်းကို သက်ဆိုင်ရာပါတီဗဟိုဌာနချုပ်က နိုဝင်ဘာလ နောက်ဆုံးပတ် အစည်းအဝေးတွင် အစီရင်ခံစာတင်ခိုင်းခဲ့ကြောင်း ပါတီဝင်တစ်ဦးကပြောသည်။ **(Khonumthung 021210)** [Read More...]

အတိုက်အခံအဖွဲ့အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- မန္တလေး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဝင်များ၏ စစ်ကိုင်းတောင် အသင့်ဇေတဝန်ကျောင်းတိုက်တွင် ကျင်းပသော ကထိန်ပွဲကို သက်ဆိုင်ရာနယ်မြေလုံခြုံရေးရဲများက လုံခြုံရေးယူ အကူအညီပေးခဲ့သည်ဟု အဖွဲ့ချုပ်တိုင်းစည်းရုံးရေးတာဝန်ခံဦးမျိုးနိုင်ကပြောသည်။ **(RFA 281110)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ၏ ရွေးကောက်ပွဲမသမာမှု အစီရင်ခံစာ မူကြမ်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အနိုင်ရရေးအတွက် အာဏာပိုင်များမှ ကိုယ်တိုင်ထုတ်ပြန်ထားသည့် ဥပဒေများကို ပြန်လည်ချိုး ဖောက်မှုများအား သက်သေနှင့်တကွ တွေ့ရှိရပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့က မူကြမ်းကိုအတည်ပြုရန်သာလိုတော့သည်ဟု အစီရင်ခံစာပြုစုရေးအဖွဲ့မှ ဦးကြည်ဝင်းကပြောသည်။ **(VOA 291110)** [Read More...]
- ဗဟန်းမြို့နယ် ပဏ္ဍိတာရာမ ဘုန်းကြီးကျောင်း၌ ပြုလုပ်သည့် ဘူးသီးတောင်ထောင်တွင် နှစ်ရှည်ထောင်ဒဏ် ကျခံနေရသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်၏ မိခင်ကွယ်လွန်ခြင်း သုံးနှစ်ပြည့်နှစ်ပတ်လည်ဆွမ်းကျွေးတရားနာပွဲသို့ ဒေါ်အောင်ဆန်းစုကြည် လာရောက်စဉ် နိုင်ငံရေးအကျဉ်းသားမိသားစုဝင် ၇၀ နှင့် တွေ့ဆုံ အားပေးစကားပြော ဆိုခဲ့သည်ဟု ကိုဌေးကြွယ်၏ ယောက်ဖတော်စပ်သူ ကိုဖြိုးမင်းသိန်းကပြောသည်။ **(Irrawaddy 29111010)** [Read More...]
- ဂျပန်အစိုးရအနေဖြင့် စစ်အစိုးရအုပ်ချုပ်နေသည့် မြန်မာနိုင်ငံကို ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အခြားအစိုးရများနှင့်အတူပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုတိုက်တွန်းလိုက်ကြောင်း နိုဝင်ဘာလ ၃၀ ရက်နေ့တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဂျပန်ကျိုဒိုသတင်းဌာန၏ ဆက်သွယ်မေးမြန်းမှုတွင် ပြောဆိုလိုက်သည်။ **(VOA 301110)** [Read More...]
- ၁၉၉၀ ရွေးကောက်ခံ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် **SNLD** သည် ရွေးကောက်ပွဲ မဲမသမာမှုများ အစီရင်ခံစာပြုစုရန်အတွက် ကြိုတင်ပြင်ဆင်မှုများအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့ပေါင်း ၆၀ နှင့် ကချင်ပြည်နယ်အတွင်း မြို့ ၁၀ မြို့တို့တွင် စစ်တမ်းကောက်ယူခဲ့ရာ မူကြမ်းပြီးစီးသွားပြီဟု **SNLD** ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်ကပြောသည်။ **(VOA 301110)** [Read More...]
- နှစ် ၉၀ ပြည့် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ဒီဇင်ဘာလ ၁ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗဟန်းမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးချုပ်တွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပါတီခေါင်း ဆောင်များ၊ အဖွဲ့ချုပ် ဝင်လူငယ်များ ၊ ဧည့်ပရိသတ်များအပြင် မြန်မာစာပေပညာရှင်များနှင့် ပူပေါင်းကျင်းပရန် စီစဉ်ထားသည်ဟု **NLD** ပြောခွင့်ရသူ ဦးအုန်းကြိုင်ကပြောသည်။ **(VOA 301110)** [Read More...]
- အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **NLD** လှုပ်ရှားမှုကို စစ်အစိုးရက ရပ်တန့်စေပြီး ပါတီဝင်များကိုဖမ်းဆီးပါက လူထုဆန္ဒပြပွဲများအထိ လုပ်သွားမည်ဟု မြေအောက်လှုပ်ရှားသော ဗမာနိုင်ငံဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူများ တပ်ပေါင်းစု (ဗဒတ) ပြောခွင့်ရသူ ကိုမင်းသွေးသစ်က နိုဝင်ဘာလ ၃၀ ရက်နေ့ကပြောဆိုလိုက်သည်။ **(Mizzima 30112010)** [Read More ...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်အဖွဲ့ဝင်များသည် ဒေါ်အောင်ဆန်းစုကြည် မွေးနေ့အင်္ဂါနေ့ အထိမ်းအမှတ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ရည်ရွယ်ပြီး အင်းစိန်ဆေးရုံးတွင် သွေးလှူဒါန်းပွဲနှင့် ဆွမ်းကပ်လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်ဟု အဖွဲ့ချုပ်လူငယ် ကိုညီညီကပြောသည်။ **(DVB 301110)** [Read More...]



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ထိုင်းပြည်သူများအနေဖြင့် မြန်မာဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအပေါ် ကြင်နာမှု ရှေ့ထားပြီး ကူညီပေးကြပါရန် ထိုင်းနိုင်ငံ ဗန်ကောက်အခြေစိုက် **TAN** ခေါ် ထိုင်း–အာဆီယံသတင်းဌာန၏ တယ်လီဖုန်းနှင့် ဆက်သွယ်မေးမြန်းရာတွင် ပန်ကြားလိုက်သည်။ **(RFA 011210)** **Read More...**
- မိတ္ထီလာမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးတွင် နှစ် ၉၀ ပြည့် အမျိုးသားအောင်ပွဲနေ့ အခမ်းအနား ကျင်းပခဲ့ရာ  သာစည်၊ ဝမ်းတွင်း၊ မလှိုင်၊ ပျော်ဘွယ်၊ မန္တလေး ပြည်ကြီးတံခွန်မြို့နယ်နှင့် အရှေ့၊ အနောက်၊ တောင်မြို့ အားလုံးရှိ မြို့ ၈ မြို့မှ အဖွဲ့ချုပ်ဝင်များ တက်ရောက်ခဲ့သည်ဟု မြို့နယ်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးကပြော သည်။ **(DVB 011210)** **Read More . . .**
- စစ်မှန်သော အမျိုးသားရေး အောင်ပွဲတစ်ခု ဖြစ်ပေါ်လာရေးအတွက် တပ်မတော်သားများ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ညီညီညွတ်ညွတ်၊ သတ္တိရှိရှိဖြင့် နိုင်ငံရေးလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီဇင်ဘာလ ၁ ရက်နေ့ နှစ်၉၀ ပြည့် အမျိုးသားနေ့ အခမ်းအနားတွင် ပြောဆိုလိုက်သည်ဟု အခမ်းအနား တက်ရောက်သူများက ပြောသည်။ **(Irrawaddy 01122010)** **Read More...**
- ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျရောက်သော နှစ်၉၀ ပြည့် အမျိုးသားနေ့တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမြန်ဆုံးအကောင် အထည်ဖော်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က နအဖစစ်အစိုးရကို ထပ်မံတောင်းဆိုလိုက်သည်။ **(Mizzima 01122010)** **Read More...**
- ကမ္ဘာ့ **AIDS** နေ့ အခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ကျင်းပခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်က  **HIV/AIDS** ဝေဒနာရှင်များကို ကိုယ်တိုင်မကျန်းမာသော်လည်း ကိုယ့်အခွင့်အရေးကို ကိုယ်ရအောင်ရယူနိုင်သည့်သူများ၊ ကျန်းမာသူများမှ မလုပ်နိုင်သောအရာများကို လုပ်ပြနေသူများအဖြစ်ချီးကျူးလိုက်သည်။ **(RFA 021210)** **Read More...**
- ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင် မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အဖွဲ့ဝင်များက လူထုကြားရေဒီယိုဖြန့်ဝေသည့် လှုပ်ရှားမှုတစ်ရပ်ကို ဒီဇင်ဘာလ ၁ ရက်နေ့က ပြုလုပ်ခဲ့သည်ဟု မြို့မ စည်ပင်ဈေးတွင် ကိုယ်တိုင်ဖြန့်ဝေခဲ့သူ အဖွဲ့ချုပ်ဝင်တစ်ဦးကပြောသည်။ **(DVB 021210)** **Read More...**
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** အနေနှင့် ရွေးကောက်ပွဲအနိုင်ရ တိုင်းရင်းသားပါတီများကို ဆက်တိုက်လိုက်လံစည်းရုံးနေခြင်းသည် ကုလသမဂ္ဂနှင့် နိုင်ငံတကာကို လှည့်စားလိုသည့် သဘောသာဖြစ်သည်ဟု ရွေးကောက်ပွဲမဝင်သည့် တိုင်းရင်းသားခေါင်းဆောင်များကပြောသည်။ **(Irrawaddy 031210)** **Read More...**
- ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ **CRPP** ၏ လစဉ်ပုံမှန်အစည်းအဝေးတွင် ဒုတိယပင်လုံညီလာခံခေါ်ယူရေးကိစ္စသည် ရွေးကောက်ပွဲအနိုင်ရ တိုင်းရင်းသားပါတီများနှင့် အခြားပြည်တွင်း၊ ပြည်ပရှိ နိုင်ငံရေးအဖွဲ့အစည်းအသီး သီး၏ သဘောထားများပါဝင်ရန် ၄င်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဟု **CRPP** ပြောခွင့်ရပုဂ္ဂိုလ် ဦးအေးသာအောင်ကပြောသည်။ **(VOA 031210)** **Read More...**
- ရခိုင်ပြည်နယ် ဘူးသီးတောင်ထောင်တွင် အကျဉ်းကျခံနေရသော ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်က အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောဆိုလိုက်သည်ဟု ထောင်ဝင်စာသွားရောက်တွေ့ဆုံခဲ့သည့် ယောက်ဖဖြစ်သူ ကိုဖြိုးမင်းသိန်းကပြောသည်။ **(DVB 031210)** **Read More...**
- မြန်မာ့ဒီမိုကခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာ့ဒီမိုကရေစီရေးလုပ်ငန်းစဉ်များတွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ အားပေးကူညီနိုင်ရန်အတွက် ၄င်းအနေဖြင့် ကြားခံညှိနှိုင်းဆောင်ရွက်ပေးနိုင်သူ တစ်ယောက်ဖြစ်ရန် စိတ်ဝင်စားသည်ဟု ပြောဆိုလိုက်ကြောင်း စင်ကာပူနိုင်ငံထုတ် စထရိတ်တိုင်းမ်သတင်းတွင်ရေးသားထားသည်။ **(BBC 041210)** **Read More...**

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့တောင်ဘက်တွင် အခြေစိုက်သော နအဖ စကခ (၁၂) လက်အောက်ခံ ခလရ (၂၃၁) တပ်ရင်းနှင့် BGF (၁၀၁၆) တပ်ရင်းတို့ ပူးပေါင်းတပ်ဖွဲ့များကို **DKBA** ကလိုထူး ဘောဇျူးဟာ (၁)နှင့် **KNLA** တပ်ရင်း (၁၈)တို့ ပူးပေါင်း၍ ခုဒုံနှင့် အောင်လိုင်ကျေးရွာကြားတစ်နေရာတွင် ချုံခိုတိုက်ခိုက်ခဲ့ရာ နအဖဘက်မှ (၃၀) ဦး ကျဆုံးပြီး



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

လက်နက် (၃၀) ကို သိမ်းဆည်းရမိသည်ဟု **DKBA** ကလိုထူးဘောဖျူဟာ (၁) စစ်ဆင်ရေးမှူး **G2** ဗိုလ်မှူးစောဆန်းအောင်ကပြောသည်။ **(KIC 29111010)** Read More...

## (ဂ) ပြည်ပအင်အားစုများ

- လွှတ်တော်အတွင်း လက်ရှိစစ်အစိုးရ၏ မူဝါဒ နှင့်လုံခြုံရေးဆိုင်ရာများကို ထိပါးပြောဆို ဆန္ဒပြမှုများ မပြုလုပ်ရဆိုသည့် လွှတ်တော် မခေါ်မီ ကန့်သတ်ချက် ထုတ်ပြန်မှုများသည် ဥပဒေကို မလေးမစားလုပ်ခြင်းသာဖြစ်သည် တရားမဝင်ဟု ပြည်ပအခြေစိုက် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့ခေါင်းဆောင် ဦးမျိုးကပြောသည်။ **(VOA 281110)** Read More . . .

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ

- စစ်အစိုးရတပ်များနှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** တို့၏ ထပ်မံတိုက်ခိုက်မှုများကြောင့် ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့သို့ နိုဝင်ဘာ ၂၈ ရက်နေ့တွင် ဒေသခံရွာသား ၁,၀၀၀ ကျော် ထွက်ပြေးလာခဲ့သည်ဟု ထိုင်းအာဏာပိုင်များက ပြောသည်။ **(VOA 281110)** Read More...
- စစ်အစိုးရ ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဝန်ကြီး ဦးအောင်သောင်းတို့အဖွဲ့သည် ကချင်ပြည်နယ် ခရီးစဉ်ရှိသည့်အတွက် မြစ်ကြီးနားမြို့တွင် လုံခြုံရေး တင်းတင်းကြပ်ကြပ် ချထားပြီး ပုဂ္ဂလိက စားသောက်ဆိုင်များကိုလည်း ပိတ်ခိုင်းထားသဖြင့် ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** ဘက်မှလည်း လုံခြုံရေးတိုးမြှင့်ထားသည်။ **(RFA 291110)** Read More...
- ကရင်ပြည်နယ်၊ ဘုရားသုံးဆူမြို့နှင့် (၁၃) မိုင်အကွာ ကြိမ်ချောင်းမရောက်မီ ဇီးပင်အရှေ့ တဲသုံးလုံးရွာတွင် မြန်မာစစ်အစိုးရ ခလရ (၄၀၆)တပ်ရင်း အင်အား (၂၀၇) ယောက်နှင့် ဗိုလ်မှူးစောအောဝမ်းဦးစီး **DKBA** တပ်ဖွဲ့တို့ နိုဝင်ဘာလ (၂၈) ရက်နေ့က တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖစစ်တပ် ဘက်က (၁) ဦးကျဆုံးပြီး (၂) ဦးဒဏ်ရာရရှိခဲ့သည်ဟု ဗိုလ်မှူးစောအောဝမ်း ကပြောသည်။ **(Kaowao 29111010)** Read More..., IMNA
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေး ငြင်းဆန်ထားသော ဝ နှင့် မိုင်းလားနယ်အနီးတဝိုက်သို့ နအဖအရာရှိကြီးများသည် စစ်ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ဒေသတွင်းရှိ စကခ၊ ဒကစ နှင့် ဗျူဟာမှူးများဖြစ်သော မင်းအောင်လှိုင်၊ အောင်သန်း ထွဋ်နှင့် ကျော်ဆွေတို့ကိုခေါ်တွေ့သည်ဟု ကျိုင်းတုံဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 29111010)** Read More ...
- ကချင်ပြည်နယ်အတွင်း တိုးမြင့်လာသော စစ်အစိုးရတပ်အင်အားနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** တို့အကြား စစ်ရေးပြင်ဆင်မှု တင်းမာနေမှုများသည် စစ်ပွဲဖြစ်ပွားရန် နှစ်ဖက်စလုံးတွင် အဆင်သင့်အနေအထားဖြစ်နေသည်ဟု ကချင်လူမှုဖွံ့ဖြိုးရေး ကွန်ယက်အဖွဲ့ခေါင်းဆောင် ဦးအောင်ဝါကပြောသည်။ **(RFA 301110)** Read More...
- ဖလူးကျေးရွာတွင် ကရင်တပ်ဖွဲ့နှင့် နအဖဘက်မှ ခမရ (၅၄၅)၊ (၅၄၇) ပူးပေါင်းတပ်ရင်းတို့ကြား ပစ်ခတ်မှုဖြစ်ပွားခဲ့ ရာ နအဖဘက်မှ ၄ဦး သေဆုံးခဲ့သည်ဟု **DKBA** က ပြောဆိုသော်လည်း ထိုနေ့ညနေ ဖနာရီခန့်တွင် မြဝတီဆေးရုံသို့ နအဖစစ်တပ်မှ လူနာ ဗိုလ်မှူး ၁ဦး၊ ဗိုလ် ၁ဦး၊ တပ်ကြပ်ကြီး ၁ဦးနှင့် တပ်သား ၄ဦးတို့ ရောက်ရှိလာသည်ဟု ဆေးဝန်ထမ်း နှင့် နီးစပ်သူတစ်ဦးကပြောသည်။ **(KIC 30112010)** Read More ... Kaowao
- ကရင်ပြည်နယ်၊ မြဝတီခရိုင်ရှိ ဖလူးကျေးရွာနှင့် မနီးမဝေး ပလောတပို့ဒေသတွင် လှုပ်ရှားသည့် ဗိုလ်တဲခီး ဦးစီးသော **KNU/ KNLA** ငြိမ်းချမ်းရေးကောင်စီတပ်ဖွဲ့ကို နအဖစစ်ကြောင်းကဝိုင်းမိပြီး ပစ်ခတ်ခဲ့ခြင်းကြောင့် ၁ဦး ကျဆုံးကာ ၆ဦး အရှင်ဖမ်းဆီးခံလိုက်ရသည်ဟု **KNU/ KNLA** ဗိုလ်မှူးချုပ်အဆင့်ရှိသူ စောတီမသီကပြောသည်။ **(KIC 30112010)** Read More... Yoma3
- ကချင်ပြည်နယ်သို့ ရောက်ရှိနေသည့် နေပြည်တော်စစ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ ဗိုလ်ချုပ်မြင့်စိုး၊ ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဗိုလ်ချုပ်စိုးဝင်းနှင့် စရဖ အရာရှိချုပ် ဗိုလ်ချုပ်ကျော်ဆွေတို့၏ လုံခြုံရေးအတွက် မြောက်ပိုင်းတိုင်း



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

လက်အောက်ခံ တပ်များက လိုအပ်သည်ထက် လုံခြုံရေး ပိုမိုချထားသည်ဟု ကချင်လွတ်မြောက်ရေးတပ်မတော် **KIA** အရာရှိ တစ်ဦးကပြောသည်။ **(DVB 011210)** Read More...

- ကရင်ပြည်နယ် ဖလူးကျေးရွာ၏ တောင်ဘက် ပလောတခိုတွင် နအဖစစ်တပ် ခလရ ၆၁ တပ်ရင်းနှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** တို့အကြား နိုဝင်ဘာ ၃၀ ရက်နေ့၌ ဖြစ်ပွားသော တိုက်ပွဲများကြောင့် နအဖတပ်မှ ထိခိုက်သေဆုံးမှု ၆၀ ရှိသွားပြီဟု **DKBA** ခေါင်းဆောင် ဗိုလ်မှူးချုပ်နှုတ်ခမ်းမွှေးကပြောသည်။ **(DVB 011210)** Read More...
- ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့အခြေစိုက် ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) **SSA – N** တပ်မဟာ ၁ ၏ ဆက်ဆံရေးရုံးခွဲကို ရုတ်သိမ်းရန် တန့်ယန်းမြို့အခြေစိုက် နအဖတပ် ဗျူဟာမှူးက နိုဝင်ဘာ ၃၀ ရက်နေ့တွင် အမိန့်ပေးလိုက်ပြီး တပ်အင်အားများ တိုးချလာသည်ဟု **SSA – N** တပ်မဟာ ၁ က ဆိုသည်။ **(BBC 021210)** Read More...
- စစ်အစိုးရတပ်မှ ဖမ်းဆီးသွားသည့် ကရင်ငြိမ်းချမ်းရေးကောင်စီ၏ အဖွဲ့ဝင် ၁ ဦးသေဆုံးပြီး ၆ ဦးကို ပြန်လွတ်ပေးလိုက်သည့်သတင်းသည် မှန်ကန်ကြောင်းနှင့် တိုက်ပွဲများဖြစ်သည့်သတင်းသည် မဟုတ်မှန်ကြောင်း၊ ကရင်ငြိမ်းချမ်းရေးအဖွဲ့ အခြေစိုက်သည့် ထိုကော်ကိုးဒေသသည် တည်ငြိမ်စွာရှိနေကြောင်း အဖွဲ့၏ စစ်ရေးချုပ် ဗိုလ်ချုပ်ရင်နုကပြောသည်။ **(RFA 021210)** Read More...
- ကချင်အမျိုးသား လွတ်လပ်ရေးအဖွဲ့ **KIO** ထိန်းချုပ်ထားသော ကချင်ပြည်နယ် မြစ်ကြီးနားနှင့် လိုင်ဇာဌာနချုပ် ဒေသများတွင် ယခင်တိုးချဲ့ထားသည့် နအဖစစ်အစိုးရတပ်များ ယခုရက်ပိုင်းအတွင်း စစ်ရေးအရ ပို၍လှုပ်ရှားလာနေသည်ဟု **KIO** ဒုတိယ စစ်ဦးစီးချုပ်ဗိုလ်မှူးချုပ် ဂွမ်မော်ကပြောသည်။ **(Irrawaddy 031210)** Read More...

## နိုင်ငံရေးပါတီများ

### ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ

- ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အထူးအကြံပေးအရာရှိ မစ္စတာ ဗီဂျေ နမ်ဘီယာ၏ မြန်မာပြည်ခရီးစဉ်အတွင်း ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံစဉ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) က ရွေးကောက်ပွဲ တရားမမျှတမှု၊ ၄င်းမတရားမှုများကို ဥပဒေကြောင်းအရ ကော်မရှင်ထံ တင်ပြမှုစသည့်တို့ကို စစ်အစိုးရမှ တစုံတရာ အရေးယူဆောင်ရွက်ပေးခြင်းမရှိကြောင်း တင်ပြခဲ့သည်။ **(RFA 301110)** Read More...သသ
- ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီယာ၏ ခရီးစဉ်သည် ရွေးကောက်ပွဲ ရလဒ်အတွက်အပြောင်းအလဲ တစုံတရာ ဖြစ်လာနိုင်ဖွယ်မရှိသည့်အပြင် မြန်မာ့ နိုင်ငံရေး အတွက်လည်း ပြောင်းလဲမှု ဖြစ်မလာနိုင်ဟု ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ **(Irrawaddy 301110)** Read More ...
- မြန်မာ့နိုင်ငံရေးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အစိုးရ ဘက်နှစ်ဖက်သာရှိသဖြင့် ရွေးကောက်ပွဲဝင်ပါတီများ အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ဘက်ကို အပြည့်အဝ ဝန်းရံသင့်ကြောင်း ပြည်ထောင်စု ဒီမိုကရေစီပါတီ **UDP** ဥက္ကဋ္ဌဟောင်း ဦးသိန်းငွေးကပြောသည်။ **(Mizzima 30112010)** Read More ...
- ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အကြံပေးပုဂ္ဂိုလ် မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် တွေ့ဆုံစဉ် ပါတီအနေဖြင့်လက်ရှိအနေထားအရ နိုင်ငံရေးကိစ္စများထက် လူထု၏ စီးပွားရေး၊ ကျန်းမာရေးကိစ္စများကိုသာ ဦးစားပေးဆောင်ရွက်မည်ဟု ပြောဆိုခဲ့ ကြောင်း ပါတီဒု–ဥက္ကဋ္ဌ ဦးအောင်ဆီကပြောသည်။ **(BBC 301110)** Read More...
- ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်)က အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်တွင် ကျင်းပခဲ့ပြီး အခြားပါတီများအပါအဝင် စုစုပေါင်း ပရိသတ် ၁၀၀ ကျော် တက်ရောက်ခဲ့သည်ဟု ပါတီ အထွေထွေအတွင်းရေးမှူး ဒေါ်ချိုချိုကျော်ငြိမ်းက ပြောသည်။ **(DVB 01210)** Read More . . .
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က တွေ့ဆုံရန် ဆက်သွယ်ကမ်းလှမ်းလာသော်လည်း ကရင်ပြည်သူ့ပါတီ **KPP** အနေဖြင့် **USDP** နှင့် ပူးပေါင်းဆောင်ရွက်ရန် လက်မခံနိုင်အကြောင်းနှင့် အမျိုးသားရေး သက်သက် ကိုသာ



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

ဆက်လုပ်သွားမည်ဖြစ်ပြီး အတိုက်အခံအနေဖြင့် ရပ်တည်ဆောင်ရွက်သွားမည်ဟု **KPP** ဒု–ဥက္ကဋ္ဌ စောအေးကိုက ပြောသည်။ **(BBC 021210)** **Read More...**

- ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါလီမန်လွှတ်တော်၌ လူ့အရင်းအမြစ်ပျိုးထောင်ရန် ဥပဒေကြမ်းနှင့် စာပေ၊ ယဉ်ကျေးမှု ဓလေ့ရိုးရာနှင့်ပတ်သက်သည့် ဥပဒေကြမ်းများကို သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** က လွှတ်တော် သို့ တင်ပြရန် စဉ်းစားနေသည်ဟု **SNDP** ဗဟိုကော်မတီဝင်တစ်ဦးကပြောသည်။ **(S.H.A.N 031210)** **Read More ...**
- မွန္တလေးတိုင်း အမျိုးသား ဒီမိုကရေစီအင်အားစု **NDF** တိုင်းစည်းအဖွဲ့ကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ကျေးဇူးတင်ကြောင်းနှင့် ညီအစ်ကိုတော်ပါတီ၊ မိတ်ဖက်ပါတီများအဖြစ် လက်တွဲဆောင်ရွက်ရန်ဖိတ်ခေါ်စာပေး ပို့ခဲ့သည်ဟု **NDF** ဒု–ဥက္ကဋ္ဌ ဦးတင်အောင်အောင်ကပြောသည်။ **(BBC 031210)** **Read More...**

## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- ရွေးကောက်ပွဲ မတိုင်မီကာလများတွင် ကာလတို ဈေးကွက်များအတွင်းပါဝင်၍ ငွေကြေးကစားခဲ့သူ လူငယ် စီးပွားရေး သမားများသည် ရွေးကောက်ပွဲအပြီး နောက်ပိုင်းမှ စတင်ကာ ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ပါဝင်သောစီးပွားရေးဆိုင်ရာ ရပိုင်ခွင့် လုပ်ပိုင်ခွင့်များကို စိတ်ဝင်စားလာကြောင်း စီးပွားရေးလုပ်ကိုင်သူလူငယ်များကဆိုသည်။ **(EMG 301110)** **Read More...**
- ကဗျာဆရာကြီး ကိုလေး (အင်းဝဂုဏ်ရည်)က အမျိုးသား အောင်ပွဲနေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား အမျိုးသား ခေါင်းဆောင်ဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုလိုက်ပြီး အမျိုးသားရင်ကြားစေ့ရေးကို လုပ်ဆောင်ရန် သက်ဆိုင်သူ များအား အနူးအညွတ် တောင်းဆိုလိုက်သည်။ **(BBC 021210)** **Read More...**
- အမျိုးသား ပြန်လည်သင့်မြတ်ရေး ရရှိရန်အတွက် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များနှင့် ၂၀၁၀ ရွေးကောက်ပွဲမှ ဖြစ်ပေါ်လာမည့် အစိုးရသစ်နှင့် တွေ့ဆုံဆွေးနွေးရေးလုပ်ရန် ဝါရင့်နိုင်ငံရေးသမားကြီးများက ဒီဇင်ဘာ ၁ ရက် အမျိုးသားနေ့အခမ်းအနားတွင် တိုက်တွန်းလိုက်သည်။ **(RFA 01210)** **Read More . . .**
- **HIV/AIDS** ဝေဒနာရှင်များကို သွားရောက်အားပေးခဲ့သည့် စာပေအနုပညာရှင်များနှင့် ထာဝရနှင်းဆီ အငြိမ့်စီစဉ် သည့် ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) တို့အား မီဒီယာများတွင် ထုတ်လွှင့်ခွင့် ဖော်ပြခွင့်ပိတ်ပင်လိုက်ခြင်း သည် လူ့အခွင့်အရေးချိုးဖောက်ရာကျနေသည်ဟု ရုပ်ရှင်သရုပ်ဆောင် ဦးကျော်သူကပြောဆိုလိုက်သည်။ **(Irrawaddy 031210)** **Read More...**

## မီဒီယာအခန်းကဏ္ဍ

- ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီယာ မြန်မာနိုင်ငံမှ မထွက်ခွာမီ နိုဝင်ဘာလ ၂၈ ရက်နေ့ ညနေ ၅ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်း ပွဲသို့ ပြည်တွင်း ပုဂ္ဂလိကသတင်းမီဒီယာများတက်ရောက်ခွင့်ကို လုံခြုံရေးအဖွဲ့များက ပိတ်ပင်ခဲ့ကြောင်း သတင်းထောက် များကပြောသည်။ **(Irrawaddy 29111010)** **Read More...**
- စာပေစိစစ်ရေးက ဆောင်းပါးရှင် ငါးမင်းဆွေ၏ ဒေါ်အောင်ဆန်းစုကြည်သို့ပေးစာ (၂) ဆိုသည့် ဆောင်းပါးတစ်ပုဒ်ကို သက် ဆိုင်ရာ ဂျာနယ်များအား ခေါ်ယူကာ မထည့်မနေရ ထည့်ရန်ပြောဆိုပြီးနောက် စာပေလွှတ်လပ်ခွင့်ကို ယခင်အတိုင်း ပြန်လည် တင်းကြပ်လိုက်သည်ဟု အမည်မဖော်လိုသည့် ရန်ကုန်စာနယ်ဇင်းဆရာတစ်ဦးကပြောသည်။ **(RFA 301110)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေး နမ်ဘီးယားက ရွေးကောက်ပွဲ မသမာမှုများနှင့် ပတ်သက်သည့် ဝေဖန်စွပ်စွဲချက်များကို ဖြေရှင်းရန်နှင့် မြန်မာ့ဒီမိုကရေစီနှင့် လူ့အခွင့် အရေး တိုးတက်ကောင်းမွန်ရန်အတွက် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရန် စစ်အစိုးရသို့ တောင်းဆို လိုက်သည်။ **(RFA 281110)** Read More...
- ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် ဗီဂျေး နမ်ဘီးယား က မြန်မာနိုင်ငံခရီးစဉ်အတွင်း အာဏာပိုင်များကိုကြေညာချက်ထုတ်ပြန်တောင်းဆိုလိုက်သည့် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေးဆိုသည့်အချက်ကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးစုံစမ်းစစ်ဆေးရေးမှူး မစ္စတာ ကင်တာနား က ထပ်ဆင့်ထောက်ခံလိုက်သည်။ **(VOA 291110)** Read More...
- နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးတွင် ပါဝင်သင့်သူအားလုံး ပါဝင်နိုင်မှုအပေါ် အခြေခံရမည်ဟု မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် **Mr. Vijay Nambiar** က စစ်အစိုးရကို ပြောဆိုတိုက်တွန်းခဲ့ကြောင်း နိုဝင်ဘာလ ၂၉ ရက် နယူးရောက်မြို့ ကုလသမဂ္ဂဌာနချုပ် သတင်းစာရှင်းလင်းပွဲတွင် အတွင်းရေးမှူးချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ် **Farhan Haq** က ပြောသည်။ **(RFA 301110)** Read More...
- မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအကြံပေး မစ္စတာဗီဂျေး နမ်ဘီယား၏ ခရီးစဉ်နှင့်ပတ်သက်ပြီး ဒီဇင်ဘာလ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီ၌အစီရင်ခံသွားရန်ရှိသည်ဟုလက်ရှိလုံခြုံရေးကောင်စီ အလှည့်ကျ ဥက္ကဌ မစ္စဆူဇန်ရိုက်စ်ကပြောသည်။ **(VOA 031210)** Read More...
- ဥရောပသမဂ္ဂ **EU** အနေဖြင့် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီး ဒီမိုကရေစီရေး ရှေ့ဆက်ကြိုပမ်းမှုများကို ဆက်လက်အားပေးထောက်ခံသွားမည်ဟု ဘယ်လ်ဂျီယံနိုင်ငံ ဒု–ဝန်ကြီးချုပ် **Steven Vanackere** က ကြေညာချက်တစ်စောင် ထုတ်ပြန်ပြောဆိုလိုက်သည်။ **(VOA 031210)** Read More...
- မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူပြောင်းရေးတွင် ရွေးကောက်ပွဲ မဝင်သူများ၊ မဝင်နိုင်သူများလည်း ပါဝင်သင့် ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအကြံပေး မစ္စတာဗီဂျေးနမ်ဘီယားက စစ်စိုးရကို ဒီဇင်ဘာ ၂ ရက်နေ့၌ ထပ်မံတိုက်တွန်း ပြောဆိုလိုက်သည်။ **(RFA 031210)** Read More...
- အနာဂတ် မြန်မာ့နိုင်ငံရေးတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍဆက်ရှိနေအုံးမည်ဖြစ်ပြီး လက်ရှိကုလသမဂ္ဂ၏ လုပ်ဆောင်မှုများကို ပြည်တွင်းထဲတွင် ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုများရှိနေသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဗီဂျေနမ်ဘီယာကပြောဆိုလိုက်သည်။ **(BBC 041210)** Read More...

## (ခ) အစိုးရများ

- ချက်သမ္မတနိုင်ငံ ပါလီမန်၏ နိုင်ငံခြားဆက်ဆံရေးကော်မတီက မြန်မာ့အရေး မူဝါဒသုံးသပ်မှု ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် နိုင်ငံတကာ စံနှုန်းနှင့်မညီသော ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုရေး၊ နိုင်ငံရေးအကျဉ်းသားများအားလုံးလွှတ်မြောက်ရေးနှင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို ဆက်လက်ဖိအားပေး လုပ်ဆောင်သွားမည်ဟု ချမှတ်လိုက်သည်။ **(BBC 291110)** Read More...
- ဒေါ်အောင်ဆန်းစုကြည်က ထိုင်းအစိုးရအနေဖြင့် စစ်အစိုးရနှင့်သာမက ၄င်းတို့နှင့်ပါ ထိတွေ့ဆက်ဆံရန် ပြောဆိုပြီးနောက် ထိုင်းဝန်ကြီးချုပ် အဘီဆစ် ဝိတ်ချာချီဝ **(Abhisit Vejjajiva)** နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တယ်လီဖုန်းမှတဆင့် မကြာမီ စကားပြောရန်ရှိပြီ အကျိုးရှိမည့် ဆွေးနွေးမှုမျိုးများ လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ထိုင်းအစိုးရ ပြောခွင့်ရသူ ပန်နိတန်ဝပ်ထနာယာဂွန် **(Panitan Wattanayagorn)** က ပြောသည်။ **(VOA 021210)** Read More...
- နယူးဇီလန်နိုင်ငံအနေဖြင့် မြန်မာပြည် ဒီမိုကရေစီ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးဖြစ်ပေါ်ရန် နိုင်ငံရေးနည်း၊ သံတမန်ရေး နည်းစသည့် နည်းလမ်းမျိုးစုံကို အသုံးချပြီး အစွမ်းကုန် ကူညီပေးသွားမည်ဟု နယူးဇီလန် အတိုက်အခံ လွှတ်တော် အမတ် **Maryan Street** က ဒေါ်အောင်ဆန်းစုကြည်နှင့် တယ်လီဖုန်းမှတဆင့်ပြောဆိုလိုက်သည်။ **(VOA 031210)** Read More...
- မြန်မာ့ဒီမိုကရေစီခေါင်း ဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ထိုင်းနိုင်ငံဗန်ကောက်မြို့အခြေစိုက် ဘယ်လ်ဂျီယံ သံအမတ်ကြီး နှင့် ဩစတြီးယား သံအမတ်ကြီးတို့က ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ ဒီဇင်ဘာလ ၃ ရက်နေ့တွင် လာ ရောက်



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

တွေ့ဆုံဆွေးနွေးကြောင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပါတီ ပြောခွင့်ရသူ ဦးဉာဏ်ဝင်းက အတည်ပြု ပြောဆိုလိုက်သည်။ **(RFA 031210)** **Read More...**

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- ရွေးကောက်ပွဲ မကျင်းပမီကတည်းက စာရင်းဇယား အတိအကျ ထုတ်ပြန်နိုင်မှုမရှိသကဲ့သို့ ကျင်းပပြီးသော်လည်း အနှစ်ချုပ် အနိုင်ရစာရင်းကို တိကျစွာ မထုတ်ပြန်နိုင်ခြင်းအပါအဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** သည် အများထင်သကဲ့သို့ လွှတ်တော်တိုင်းတွင် ကိုယ်စားလှယ် ၇၅ ရာနှုန်း အနိုင်ရရှိခြင်းမရှိဟု အမေရိကန်နိုင်ငံ နယူးယောက် အခြေစိုက် **SSRC** လူမှုရေးသိပ္ပံကောင်စီအဖွဲ့၏ ပဋိပက္ခဟန့်တားရေးနှင့် ငြိမ်းချမ်းရေးဖိုရမ် **(CPPF)** အစီအစဉ်မှ ရွေးကောက်ပွဲရလဒ်များနှင့်ပတ်သက်သည့် ပြုစုထားသောစာတမ်းများတွင် ဖော်ပြထားသည်။ **(RFA 021210)** **Read More...**
- ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်၏ ဗီဒီယိုကို အင်တာနက်ပေါ် ဖြန့်ဝေလိုက်ခြင်းသည် တမင်ရည်ရွယ်ချက်ရှိရှိ မဟာဗျူဟာကျကျ ဆောင်ရွက်မှုတစ်ခုဖြစ်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ ကစားကွက်တစ်ခုကို လုံးစေ့ပတ်စေ့ စဉ်းစားကာ ပိုင်ပိုင်နိုင်နိုင်ရှိမှ လက်တွေ့ချအကောင်အထည် ဖော်လိုက်ခြင်းဖြစ်သည်ဟု စာရေးဆရာ **Larry Jagan** ကသုံးသပ်ထားသည်။ **(RFA 021210)** **Read More...**
- နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် ချက်သမ္မတနိုင်ငံ သမ္မတဟောင်း **Vaclav Havel** က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပြီး ပြည်သူများနှင့်အတူ မဆုတ်မနစ်သည့် ဇွဲလုံ့လနှင့်နိုင်ငံ၏ ဒီမိုကရေစီအရေးရှေ့ဆက်ဆောင်ရွက်မှုများကို ဝမ်းသာစွာလေးစားဂုဏ်ပြုကြောင်း ချီးမွမ်းစာတစ်စောင်ရေးသားပေးပို့လိုက်သည်။ **(VOA 031210)** **Read More...**

---

***End of report/ Saturday, December 04, 2010***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---



**pdfMachine**
**Is a pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!